# အာလာဒင်နှင့်ထူးဆန်းသောမီးခွက်

ပုံပြင်များ

မောင်ခေတ်ထွန်း



ဒုတိယအကြိမ်

mgyoe.com

mgyoe.com



# အာလာဒင်နှင့် ထူးဆန်းသောမီးခွက်

ပုံပြင်များ

မောင်ခေတ်ထွန်း

ISBN9789997114228
KHIT33
9 789997 114228
1,500.00KS

mgyoe.com

အာလာဒင်နှင့်ထူးဆန်းသောမီးခွက်ပုံပြင်များ မောင်ခေတ်ထွန်း
မျက်နှာဖုံးပန်းချီ - ဗိုသံ
စာမျက်နှာ ၁၃၀ မျက်နှာ၊ ၁၆ စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇန်နဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၉၆ အားမာန်သစ်စာပေ၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၁ ၅ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O:Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# အာလာဒင်နှင့် ထူးဆန်းသောမီးခွက် ပုံပြင်များ

မောင်ခေတ်ထွန်း

ဒုတိယအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


၁။ အာလာဒင်နှင့် ထူးဆန်းသော မီးခွက် ၁

၂။ နှစ်တစ်ရာတိုင် အိပ်ပျော်နေသော
မင်းသမီးကလေး ၂၅

၃။ သူရဲကောင်း ဂီယောင်နှင့် သံမြင်းကြီး ၅၇

၄။ မြည်း၊ ခွေး၊ ကြောင်၊ ကြက်ဖတို့၏ အောင်ပွဲ ၆၇

၅။ ဝံပုလွေနှင့် ဆိတ်ကလေး ခုနစ်ကောင် ၇၇

၆။ ပညာရှိမျောက်နှင့် အသိဉာဏ်နည်းသည့်
မိကျောင်း ၈၉

၇။ ရေမင်းသားကလေးနှင့် မီးမင်းသမီးကလေး ၉၅

၈။ ကြက်ဖကြီးနှင့် ထူးဆန်းသော ကြိတ်ဆုံကြီး ၁၀၉

၉။ စာကလေးပေးသည့် လက်ဆောင် ၁၂၅


■

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## အာလာဒင်နှင့်
## ထူးဆန်းသောမီးခွက်



mgyoe.com

mgyoe.com

## အာလာဒင်နှင့် ထူးဆန်းသောမီးခွက်

တစ်ခါက တရုတ်ပြည်တွင် အာလာဒင် အမည်ရှိ လူငယ်ကလေး တစ်ဦးရှိလေသည်။ သူနှင့် သူ့မိခင်သည် အလွန်ဆင်းရဲ၍ တဲငယ်ကလေးတစ်ခုတွင် နေရှာလေသည်။

အာလာဒင်ကလေးသည် နေ့စဉ် လမ်းထဲတွင် အပေါင်းအဖော်များနှင့် ကစား၍သာ အချိန်ဖြုန်းနေလေသည်။

တစ်နေ့တွင် လူတစ်ယောက်သည် လမ်းထဲသို့ ရောက်ရှိလာကာ သူတို့ကစားနေသည်ကို စောင့်ကြည့်နေလေသည်။ ထို့နောက် ထိုလူကြီးသည် အာလာဒင်အား -

"မင်း ဘယ်သူလဲ" ဟု မေးလေသည်။

အာလာဒင်က-

"ကျွန်တော့်နာမည် အာလာဒင်ပါ" ဟု ပြန်ဖြေသည်။

ထိုအခါ လူကြီးက-

"ဒါဖြင့် ငါဟာ မင်းရဲ့ ဦးလေးပဲ" ဟု ပြောဆိုလေသည်။

အမှန်မှာ ထိုလူကြီးသည် အာလာဒင်၏ ဦးလေး မဟုတ်

mgyoe.com

mgyoe.com


ပေ။ လိမ်ညာပြောဆိုခြင်းသာ ဖြစ်သည်။ ထိုလူကြီးသည် မှော်ဆရာကြီးတစ်ဦးသာ ဖြစ်သည်။

အာလာဒင်လည်း မှော်ဆရာကြီးက သူ့ဦးလေးဟုဆို၍ မှော်ဆရာကြီးအား သူ့အိမ်သို့ ခေါ်ဆောင်သွားလေသည်။ အိမ်ရောက်သော် အာလာဒင်က သူ့မိခင်အား–

"အမေရေ..ဒီမှာ ကျွန်တော့်ဦးလေး အာဖရိကက ရောက်နေတယ်၊ လာကြည့်ပါဦး"ဟု အိမ်ပေါက်ဝမှနေ၍ အားရ ဝမ်းသာစွာ ပြောဆိုလေသည်။

အာလာဒင်၏ မိခင်လည်း မှော်ဆရာကြီးအား ကြိုဆိုကာ အိမ်ထဲသို့ ခေါ်ဆောင်လာခဲ့သည်။ ထို့နောက် စားဖွယ်သောက်ဖွယ်ရာများ ယူဆောင်လာကာ မှော်ဆရာကြီးနှင့်အတူ ညစာစားသောက်ကြသည်။

မှော်ဆရာကြီးက အာလာဒင်အား–

"ငါ့တူ အာလာဒင်၊ ဦးလေး မင်းကို အင်္ကျီလှလှကလေးတွေ ဝယ်ပေးမယ်"ဟု ဆိုသည်။

မှော်ဆရာကြီး၏စကားကို ကြားသော် အာလာဒင်တို့ သားအမိသည် အလွန်ဝမ်းသာသွားကြလေသည်။

နောက်တစ်နေ့တွင် အာလာဒင်နှင့် မှော်ဆရာကြီးသည် ဈေးသို့ သွားရောက်ကြလေသည်။ ဈေးထဲတွင် မှော်ဆရာကြီးက အာလာဒင်အား အင်္ကျီအဝတ်အစားသစ်များ ဝယ်ပေးသည်။ အာလာဒင်သည် အင်္ကျီအဝတ်အစား ရရှိ၍ ဝမ်းသာနေလေသည်။

ထို့နောက် အာလာဒင်နှင့် မှော်ဆရာကြီးသည် စကားစမြည်ပြောရင်း လမ်းလျှောက်လာကြသည်။

mgyoe.com

mgyoe.com


မကြာမီ သူတို့သည် တောင်ကုန်းတစ်ခုသို့ ရောက်ရှိလာကြသည်။ မှော်ဆရာကြီးက အာလာဒင်အား-

''ကဲ..ဒီမှာ နားကြစို့။ မင်း ထင်းရှာပြီး မီးဖိုကြီးတစ်ခု ဖိုကွာ''ဟု ခိုင်းလေသည်။

အာလာဒင်လည်း ထင်းများကို ယူဆောင်ကာ မီးဖိုလေသည်။ မကြာမီ မီးအရှိန်များ တက်လာကာ မီးဖိုကြီးတစ်ခု ဖြစ်လာလေသည်။

မှော်ဆရာကြီးလည်း နှုတ်မှ မန်းမှုတ်ရင်း မီးဖိုထဲသို့ တစ်စုံတစ်ရာ ပစ္စည်းများထည့်နေလေသည်။ မကြာမီ မြေကြီးသည် တုန်ခါလာပြီး ကျယ်လောင်သော အသံကြီးနှင့်အတူ မြေကြီးထဲမှ မီးခိုးများ ထွက်လာလေသည်။ ထိုအခြင်းအရာကို မြင်သော် အာလာဒင်လည်း အလွန်ကြောက်ရွံ့ တုန်လှုပ်သွားသည်။

ထို့နောက် ချက်ချင်းပင် မြေကြီးသည် အက်ကွဲလာပြီး မြေကြီးထဲမှ လိုဏ်ခေါင်းကြီးတစ်ခု ပေါ်လာလေသည်။ လိုဏ်ခေါင်းဝကို ကြီးမားသော ကျောက်ပြားကြီးက ပိတ်ဆို့ထားလေသည်။

မှော်ဆရာကြီးက အာလာဒင်အား -

''အဲဒီကျောက်ပြားအောက်မှာ မီးခွက်တစ်ခု ရှိတယ်။ ဆင်းပြီးသွားယူချေ။ အန္တရာယ်ကို ကာကွယ်ဖို့အတွက် ဒီလက်စွပ်ကို ဝတ်ထား''ဟု ပြောဆိုကာ လက်စွပ်ကို ပေး၍ အာလာဒင်အား လိုဏ်ခေါင်းအတွင်းသို့ ဆင်းစေသည်။

အာလာဒင်လည်း မှော်ဆရာကြီး၏ လက်စွပ်ကို ဝတ်ဆင်ကာ လိုဏ်ခေါင်းဝသို့ ဆင်းလာခဲ့သည်။ ထို့နောက် လိုဏ်ခေါင်းဝတွင် ပိတ်ဆို့ထားသော ကျောက်ပြားကြီးကို ဆွဲမ တင်လိုက်

mgyoe.com

mgyoe.com


သည်။ ထိုအခါ လိုဏ်ခေါင်းကြီးအတွင်းသို့ ဆင်းရန် လှေကား ထစ်များကို တွေ့မြင်ရလေသည်။ အာလာဒင်လည်း လှေကား ထစ်အတိုင်း အောက်သို့ ဆင်းသွားလေသည်။

မကြာမီ အာလာဒင်သည် လှပသည့် ဥယျာဉ်တစ်ခုဆီသို့ ရောက်ရှိလာသည်။

ဥယျာဉ်ထဲတွင် ကျောက်မျက်ရတနာများ ပြိုးပြက်နေသော ကျောက်မျက်ပင်များကို အများအပြား တွေ့ရလေသည်။ ကျောက် မျက်ရတနာများသည် အနီ၊ အပြာ၊ အစိမ်း၊ အဝါ၊ အဖြူ စသည် ဖြင့် အရောင်အသွေး မျိုးစုံဖြင့် လှပနေကြလေသည်။ ကျောက် မျက်ပင်ကြီးများမှာလည်း အလွန်ကြီးမား၍ နေရောင်ထဲတွင် တောက်လက်နေကြသည်။ အာလာဒင်လည်း ရှေ့ဆက် လျှောက် လှမ်းလာရာ ဥယျာဉ်ကြီး၏ အဆုံးရောက်သော် နံရံကြီးတစ်ခုကို တွေ့ရလေသည်။ နံရံပေါ်တွင် မီးခွက်ကလေး ချိတ်ဆွဲထားသည် ကို တွေ့မြင်ရသည်။ အာလာဒင်သည် လှေကားဖြင့် တက်ကာ နံရံတွင် ချိတ်ဆွဲထားသော မီးခွက်ကလေးကို ဖြုတ်ယူလိုက် သည်။ ထို့နောက် မီးခွက်ကို အင်္ကျီအတွင်းသို့ထည့်လိုက်ပြီး ပြန် ဆင်းလာခဲ့သည်။ ထို့ပြင် အာလာဒင်သည် ဥယျာဉ်ထဲရှိ ကျောက် မျက်ပင်များတွင် သီးနေကြသော ကျောက်မျက်ရတနာများကို ဖြုတ်ယူ၍ သူ့အင်္ကျီအိတ်များထဲသို့ ထည့်သည်။ အင်္ကျီအိတ်တွင် ရတနာများပြည့်သော် အင်္ကျီအတွင်းသို့ ထပ်ထည့်လေသည်။

ထို့နောက် အာလာဒင်သည် မှော်ဆရာကြီးဆီသို့ ပြန်လာ ခဲ့သည်။ သူ သယ်ဆောင်လာသော ကျောက်မျက်ရတနာများမှာ အလွန်လေးလံနေ၍ အာလာဒင်သည် လှေကားကို ကြိုးစားပြီး

mgyoe.com

mgyoe.com


တက်သော်လည်း တက်၍မရ ဖြစ်နေလေသည်။

မှော်ဆရာကြီးက မြေပေါ်မှနေ၍ အာလာဒင်ဆီမှ မီးခွက်ကို လှမ်းတောင်းသည်။ အာလာဒင်သည် မီးခွက်ကို အင်္ကျီအတွင်း နှိုက်ယူသည်။ သို့သော် မီးခွက်သည် ရတနာပစ္စည်းများအောက် ရောက်ရှိနေ၍ မည်မျှကြိုးစားနှိုက်ယူသော်လည်း မီးခွက်ကို ယူ၍ မရ ဖြစ်နေလေသည်။

မှော်ဆရာကြီးသည် မီးခွက်ကို လိုချင်နေသူဖြစ်၍ အလွန် ဒေါသဖြစ်သွားလေသည်။ သူသည် အောက်သို့ဆင်း၍ မီးခွက်ကို ယူရန်လည်း မဖြစ်နိုင်ချေ။ ထို့ကြောင့် နောက်ဆုံးတွင် မှော်ဆရာ ကြီးသည် နှုတ်မှ ဂါထာတစ်ပုဒ်ကို ရွတ်ဆိုလိုက်ရာ လိုဏ်ခေါင်း ကြီး၏အဖုံးသည် တွင်းဝသို့ တဖြည်းဖြည်းရွေ့လျားသွားပြီး တွင်း ကြီးကို ပိတ်ဆို့လိုက်လေသည်။

အာလာဒင်သည် မှောင်မှောင်မည်းမည်း လိုဏ်ခေါင်းကြီး ထဲတွင် တစ်ယောက်တည်းကျန်ရစ်ခဲ့လေသည်။ အာလာဒင်သည် အလွန်ကြောက်ရွံ့နေမိလေသည်။ သူ အော်ဟစ်အကူအညီ တောင်း သော်လည်း သူ့အသံကို မည်သူကြားနိုင်မည်နည်း။ သူသည် မျက်နှာကို လက်ဝါးဖြင့်အုပ်၍ ငိုကြွေးနေလေသည်။ ထိုအခါ လက်ဝါးချင်းထိသွားကာ မှော်ဆရာကြီး ပေး၍ ဝတ်ထားသည့် လက်စွပ်ကို ပွတ်တိုက်မိရက်သား ဖြစ်သွားသည်။ ထိုအခါ ချက် ချင်းပင် အလွန်အရုပ်ဆိုးသော ဘီလူးကြီးတစ်ကောင် သူ့ရှေ့တွင် ပေါ်လာသည်။ အာလာဒင်က ဘီလူးကြီးအား -

"အသင် ဘယ်သူလဲ"ဟု မေးလိုက်သည်။

ဘီလူးကြီးက-

mgyoe.com

mgyoe.com


“အရှင့်လက်ထဲမှာ ဝတ်ထားတဲ့လက်စွပ်ဟာ ရိုးရိုးလက်စွပ် မဟုတ်ပါဘူး။ လိုတရ လက်စွပ်ဖြစ်ပါတယ်။ ကျွန်ုပ်ဟာ အဲဒီ လက်စွပ်ကို စောင့်ရတဲ့ လက်စွပ်စောင့်ဘီလူးဖြစ်ပါတယ်။ အရှင် ဘာအလိုရှိပါသလဲ”ဟု ပြန်ဖြေသည်။

“ကျွန်ုပ် ဒီလိုဏ်ခေါင်းထဲက ထွက်ချင်ပါတယ်” ဟု အာလာဒင်က ပြန်ပြောလိုက်သည်။

“ကောင်းပါပြီ”ဟု ဘီလူးကြီးက ဆိုလိုက်သည်နှင့် တစ် ပြိုင်နက် မြေကြီးသည် ကွဲအက်သွားပြီး အာလာဒင်သည် အပြင် ဘက် မြေပြင်ပေါ်သို့ ရောက်ရှိလာခဲ့သည်။ အာလာဒင်လည်း အလွန်ဝမ်းသာသွားကာ သူ့အမေအိမ်သို့ အမြန်ပြေးသွားလေ သည်။ အိမ်ရောက်သော် အာလာဒင်လည်း သူ ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို သူ့အမေအား ပြန်ပြောပြလေသည်။ ထို့ နောက် အာလာဒင်သည် သူ့အမေအား သူယူဆောင်လာသော ကျောက်မျက်ရတနာများနှင့် မီးခွက်တို့ကို ထုတ်ပြကာ-

“အမေ‥ကျွန်တော်တို့အိမ်လာတဲ့ လူကြီးဟာ ကျွန်တော့် ဦးလေး မဟုတ်ဘူး။ အဲဒီလူကြီးဟာ သိပ်ဆိုးတဲ့ မှော်ဆရာကြီး တစ်ယောက်ဗျ”ဟု သူ့ကို တွင်းထဲထည့်ပိတ်ခဲ့သည့်အကြောင်း ကို ပြောပြသည်။

စားချိန်ရောက်သော် အာလာဒင်သည် ဆာလောင်မွတ်သိပ် လာသည်။ သို့သော် အိမ်တွင် စားစရာမရှိ။ သူ့အမေတွင်လည်း စားစရာဝယ်ဖို့ ငွေမရှိချေ။

ထိုစဉ် အာလာဒင်သည် ရုတ်တရက် အကြံတစ်ခုရရှိသွား သည်။

mgyoe.com

mgyoe.com


"ကျွန်တော် ဒီမီးခွက်ကို ရောင်းပြီး စားစရာတွေ ဝယ်မယ်"ဟု အာလာဒင်က ဆိုသည်။

သူ့အမေက -

"သားအကြံ ကောင်းတယ်။ မေမေ မီးခွက်ကလေးကို ပြောင်အောင် တိုက်လိုက်ဦးမယ်"ဟု ပြန်ပြောသည်။

ထို့နောက် အာလာဒင်၏ မိခင်သည် မီးခွက်ကလေးကို ပြောင်လက်အောင် သဲဖြင့် ပွတ်တိုက်လေသည်။ ထိုသို့ မီးခွက်ကို ပွတ်တိုက်လိုက်သည့်အတွက် မီးခွက်ထဲမှ ဘီလူးကြီးတစ်ကောင်သည် သူတို့ရှေ့တွင် ပေါ်လာလေသည်။ ဘီလူးကြီးသည် ကိုယ်ခန္ဓာကြီးမားကာ အလွန် အရုပ်ဆိုးလေသည်။ ဘီလူးကြီးကိုမြင်သော် အာလာဒင်၏မိခင်သည် ကြောက်ရွံ့ထိတ်လန့်သွားသည်။

ဘီလူးကြီးက -

"ဒီမီးခွက်ဟာ လိုတရ မီးခွက်ဖြစ်ပါတယ်။ ကျွန်ုပ်ဟာ မီးခွက်စောင့်ဘီလူးဖြစ်ပါတယ်။ အရှင် ဘာအလိုရှိပါသလဲ ပြောပါ"ဟု ဆိုသည်။

"ကျွန်ုပ်တို့စားဖို့ အစားအစာလိုနေပါတယ်"ဟု အာလာဒင်က ပြန်ပြောသည်။

"ကောင်းပါပြီ"ဟု ဘီလူးကြီးက ဆိုလိုက်သည်နှင့် တစ်ပြိုင်နက် စားကောင်းသောက်ဖွယ်ရာများ အပြည့်ထည့်ထားသည့် လင်ပန်းကြီးသည် အာလာဒင်တို့ရှေ့သို့ ရောက်ရှိလာလေသည်။

စားဖွယ်သောက်ဖွယ်ရာများ ထည့်ထားသည့် လင်ပန်းကြီးနှင့် ပန်းကန်လုံး၊ ပန်းကန်ပြားများအားလုံးမှာ ရွှေလင်ပန်း၊ ရွှေပန်းကန်လုံး၊ ရွှေပန်းကန်ပြားများ ဖြစ်ကြသည်။

mgyoe.com

m.gyoe.com



အာလာဒင်နှင့် သူ့မိခင်တို့သည် စားသောက်ဖွယ်ရာများကို အားရပါးရ စားသောက်ကြသည်။ သူတို့သည် ဤသို့သော အစားအစာများကို တစ်ခါမျှ မစားဖူး၍ အံ့ဩကာ ဝမ်းသာနေကြလေသည်။

စားသောက်ပြီးသော် အာလာဒင်က သူ့မိခင်အား -

"အမေ..ကျွန်တော် ဈေးကိုသွားပြီး ရွှေပန်းကန်ပြား တစ်ချပ်လောက် သွားရောင်းကာ ကျွန်တော်တို့စားဖို့ အစားအစာတွေ သွားဝယ်မယ်"ဟု ပြောဆိုသည်။

နံနက်ရောက်သော် အာလာဒင်သည် ရွှေပန်းကန်ပြားတစ်ချပ်ကို ယူဆောင်ကာ ဈေးသို့ သွားလေသည်။ ရွှေပန်းကန်ပြားကို ရောင်းပြီး ရရှိသည့်ငွေဖြင့် အစားအစာများ ဝယ်ယူသည်။

ဤသို့ဖြင့် အာလာဒင်သည် ငွေလိုတိုင်း ရွှေပန်းကန်ပြားတစ်ချပ် ရောင်းလေသည်။

တစ်နေ့တွင် အာလာဒင်သည် ရွှေပန်းကန်ပြားကို ရောင်းချရန် ဈေးသို့သွားသည်။ သို့သော် ထိုနေ့တွင် ဈေးဆိုင်များ ပိတ်ထားကြသည်ကို တွေ့ရလေသည်။

"ဘာလို့များ ဈေးဆိုင်တွေ ပိတ်ထားကြသလဲ"ဟု အာလာဒင်က အနီးအနားမှ လူတစ်ယောက်အား မေးလိုက်သည်။

ထိုလူက သူ့အား "ဒီနေ့ ဘုရင့်သမီးတော်ကလေး ရေချိုးဆိပ် ဆင်းတဲ့နေ့လေ။ ဒါကြောင့် ဆိုင်တွေ ပိတ်ထားကြရတာပါ။ ဘယ်သူမှ မင်းသမီးကလေးကို မကြည့်ရဘူးလို့ အမိန့်ချမှတ်ထားတယ်"ဟု ရှင်းပြသည်။

အာလာဒင်လည်း -

mgyoe.com

mgyoe.com


"မင်းသမီးလေးဟာ သိပ်ချောမှာပဲ။ ငါကြည့်ချင်တယ်" ဟု တွေးမိသည်။

ထို့နောက် အာလာဒင်သည် တံခါးနောက်ကွယ်တွင် ပုန်းကာ မင်းသမီးကလေးကို စောင့်ကြည့်သည်။

မကြာမီ မင်းသမီးကလေးနှင့် ရံရွေတော်များသည် ရေချိုးဆိပ်သို့ ဆင်းလာကြသည်။

ရေချိုးဆိပ်အဆောင်သို့ ရောက်သော် မင်းသမီးကလေးသည် သူ့မျက်နှာတွင် အုပ်ထားသော မျက်နှာဖုံးကို ချွတ်လိုက်သည်။ ထိုအခါ မင်းသမီးကလေးမှာ အလွန်လှသော မင်းသမီးကလေး ဖြစ်နေသည်ကို တွေ့ရလေသည်။

အာလာဒင်သည် မင်းသမီးကလေးကို မြင်တွေ့သော် နှစ်သက်သဘောကျသွားကာ -

"မင်းသမီးကလေးက သိပ်လှတာပဲ။ ငါ သူ့ကို လက်ထပ်ချင်တယ်"ဟု စိတ်ထဲတွင် ဖြစ်ပေါ်မိလေသည်။ ထို့နောက် အာလာဒင်သည် အိမ်သို့ ပြန်ပြေးလာခဲ့ပြီး -

"အမေ..ကျွန်တော် ဘုရင့်သမီးတော်ကလေးကို မြင်တွေ့ခဲ့ပါတယ်။ မင်းသမီးကလေးက သိပ်ချောတာပဲ။ ကျွန်တော် မင်းသမီးကလေးကို လက်ထပ်ချင်တယ်။ အမေ ဘုရင်ကြီးဆီသွားပြီး မင်းသမီးကလေးကို ကျွန်တော် လက်ထပ်ချင်တဲ့အကြောင်း သွားပြောပေးပါ။ ဘုရင်ကြီးအတွက် လက်ဆောင်အဖြစ် ဒီကျောက်မျက်ရတနာတွေ ယူသွားပေးပါ"ဟု ပြောဆိုလေသည်။

နောက်တစ်နေ့တွင် အာလာဒင်၏မိခင်သည် ဘုရင်ကြီး

mgyoe.com

mgyoe.com


၏ နန်းတော်ဆီသို့ သွားရောက်ကာ ဘုရင်ကြီးအား ကျောက်မျက်ရတနာများအား လက်ဆောင်အဖြစ် ဆက်သလေသည်။ ဘုရင်ကြီးလည်း အာလာဒင်၏ မိခင်အား -

"သင် ဘာအလိုရှိပါသလဲ"ဟု မေးသည်။

ထိုအခါ အာလာဒင်၏ မိခင်က -

"ကျွန်တော်မျိုးမ သားတော်နှင့် အရှင်မင်းကြီး၏ သမီးတော်ကလေးကို လက်ထပ်ခွင့်ပြုဖို့ လျှောက်ထားပါရစေ"ဟု ပြန်ပြောသည်။

ဘုရင်ကြီးလည်း ခဏမျှ စဉ်းစားပြီးနောက် -

"ကောင်းပြီ၊ ငါ့သမီးကို လက်ထပ်မယ်ဆိုရင် သုံးလလောက် စောင့်ရလိမ့်မယ်"ဟု ပြန်ပြောသည်။

တစ်လအကြာ တစ်နေ့၌ အာလာဒင်၏မိခင်သည် ဈေးသို့သွားရာ အားလပ်ရက်ဖြစ်၍ ဈေးဆိုင်များအားလုံး ပိတ်ထားကြသည်။ လမ်းခရီးတစ်လျှောက်တွင်လည်း အလံများ စိုက်ထူထားသည်ကို တွေ့မြင်ရသည်။

"ဒီနေ့ဟာ ဘာနေ့လဲ"ဟု အာလာဒင်၏မိခင်က အနားမှ လူကို မေးလိုက်သည်။

ထိုလူက -

"ဒီနေ့ ဘုရင့်သမီးတော်လေးရဲ့ လက်ထပ်ပွဲသဘင် ကျင်းပတဲ့နေ့လေ။ မင်းသမီးကလေး လက်ထပ်မယ့်သူက အမတ်ကြီးရဲ့သားဖြစ်တယ်"ဟု ပြန်ဖြေသည်။

ထိုလူ၏စကားကိုကြားသော် အာလာဒင်၏မိခင်သည် အလွန်ဒေါသထွက်သွားသည်။ ထို့နောက် အိမ်သို့အမြန်ပြန်လာကာ-

mgyoe.com

mgyoe.com


"ငါ့သား အာလာဒင်၊ ဘုရင်ကြီးက သူ့ကတိကို မေ့သွားပြီ။ မင်းကိုလည်း မေ့သွားပြီ။ အခု မင်းသမီးကလေးဟာ အမတ်ကြီးရဲ့သားနဲ့ လက်ထပ်နေပြီ"ဟု ပြောဆိုသည်။

အာလာဒင်သည် မည်သို့လုပ်ရမည်ဆိုသည်ကို စဉ်းစားမရ ဖြစ်နေသည်။ နောက်ဆုံး အကြံတစ်ခု ရရှိသွားပြီး ညမှောင်သည်အထိ စောင့်နေသည်။ ညမှောင်သော် အာလာဒင်သည် မီးခွက်ကို လက်ဖြင့် ပွတ်လိုက်သည်။ ထိုအခါ မီးခွက်စောင့်ဘီလူးကြီးသည် သူ့ရှေ့တွင် ပေါ်လာလေသည်။

အာလာဒင်လည်း ဘီလူးကြီးအား -

"မင်းသမီးကလေးနဲ့ အမတ်ကြီးရဲ့သားကိုခေါ်ပြီး ကျွန်ုပ်ဆီ ယူဆောင်လာခဲ့ပါ"ဟု ခိုင်းလိုက်လေသည်။

ဘီလူးကြီးလည်း ခုတင်ပေါ်တွင် အိပ်ရက်သား ပါလာသော မင်းသမီးလေးနှင့် အမတ်ကြီး၏သားကို ခေါ်ဆောင်လာခဲ့သည်။ ထို့နောက် ဘီလူးကြီးသည် အမတ်ကြီး၏သားအား နံရံကပ်ဗီရိုအတွင်းထည့်ကာ သူ့ကိုယ်ပေါ်သို့ လေအေးများ မှုတ်သွင်းလိုက်လေသည်။ အမတ်ကြီး၏သားသည် ခိုက်ခိုက်တုန်ချမ်းအေးကာ ရပ်တည်၍မရအောင် ဖြစ်နေလေသည်။

ထိုအခြင်းအရာကိုမြင်သော် မင်းသမီးကလေးသည် အ့လွန်ထိတ်လန့်သွားသည်။

အာလာဒင်က မင်းသမီးကလေးအား -

"ဘာမှ မကြောက်ပါနှင့်။ သင် ဒီမှာ လုံခြုံမှုရှိပါတယ်"ဟု ပြန်ပြောသည်။

နံနက်ရောက်သော် အာလာဒင်သည် မီးခွက်ကို ပွတ်လိုက်

mgyoe.com

mgyoe.com

ရာ ဘီလူးကြီး ပေါ်လာလေသည်။ အာလာဒင်လည်း ဘီလူးကြီးအား မင်းသမီးကလေးနှင့် အမတ်ကြီး၏ သားအား နန်းတော်သို့ ပြန်ပို့ရန် စေခိုင်းသည်။ ဘီလူးကြီးလည်း ခုတင်ပေါ်တွင် မင်းသမီးလေးနှင့် အမတ်ကြီး၏သားကို တင်ဆောင်ကာ နန်းတော်သို့ ပြန်လည်ပို့ဆောင်ပေးသည်။

ထိုနေ့ နံနက်တွင် ဘုရင်ကြီးသည် သူ့သမီးတော်လေးကို လာရောက်ကြည့်ရှုကာ -

"ဘာဖြစ်တာလဲ"ဟု မေးသည်။

မင်းသမီးကလေးက အကြောင်းစုံရှင်းပြပြီး-

"သမီးတော် သိပ်ကြောက်တယ်။ မပျော်ပိုက်ဘူး။ သမီးတော် အမတ်ကြီးရဲ့သားနဲ့ လက်မထပ်ချင်တော့ဘူး"ဟု ဆိုလေသည်။

ထိုအခါ ဘုရင်ကြီးက -

"ကောင်းပြီ၊ သမီးတော်အလိုဆန္ဒအတိုင်း ပြည့်ဝစေရမယ်။ သမီးတော် လက်မထပ်ချင်ဘူးဆိုရင် သမီးတော် သဘောအတိုင်းပဲ လက်ထပ်ပွဲသဘင် ဆင်ယင်ကျင်းပတဲ့ ပြည်သူလူထုအားလပ်ရက်ကို ကနေ့ကစပြီး ရပ်လိုက်မယ်"ဟု ပြောကြားသည်။

ထိုသို့ဖြင့် သုံးလကြာသော် အာလာဒင်၏မိခင်သည် နန်းတော်ကြီးသို့ သွားကာ -

"အရှင်မင်းကြီး‥ ကျွန်တော်မျိုးမသား အာလာဒင်နှင့် အရှင့်သမီးတော်တို့ လက်ထပ်ဖို့ သုံးလစောင့်ပါလို့ အရှင်မင်းကြီး ပြောကြားခဲ့ပါတယ်။ အခု သုံးလပြည့်ပြီဖြစ်တဲ့အတွက် ကျွန်တော်

mgyoe.com

mgyoe.com

မျိုးမ လာရောက်ခြင်းဖြစ်ပါတယ်''ဟု လျှောက်တင်လေသည်။

ဘုရင်ကြီးက -

''ကောင်းပြီ၊ ငါ့သမီးတော်ကို လိုချင်တယ်ဆိုရင်တော့ ပထမဦးစွာ ငါ့သမီးတော်ဆီကို ကျောက်မျက်ရတနာအပြည့် ရွှေခွက် ၄၀ ကို မိန်းကလေးအယောက် ၄၀ က ယူဆောင်လာပြီး ဆက်သရမယ်''ဟု မိန့်ဆိုသည်။

အာလာဒင်၏ မိခင်လည်း အိမ်သို့ပြန်လာကာ ဘုရင်ကြီး၏ မိန့်မှာချက်ကို အာလာဒင်အား ပြန်ပြောပြသည်။

ထိုညတွင် အာလာဒင်သည် မီးခွက်ကိုပွတ်လိုက်ရာ မီးခွက်စောင့်ဘီလူးကြီးသည် သူ့ရှေ့တွင် ပေါ်လာပြီး-

''အရှင် ဘာအလိုရှိပါသလဲ''ဟု မေးလေသည်။ အာလာဒင်လည်း ဘီလူးကြီးအား ကျောက်မျက်ရတနာအပြည့် ရွှေခွက် ၄၀ နှင့်တကွ မိန်းကလေးအယောက် ၄၀ ကို ယူဆောင်လာပေးရန် ခိုင်းစေလိုက်လေသည်။

မကြာမီ မီးခွက်စောင့် ဘီလူးကြီးသည် မိန်းကလေးအယောက် ၄၀ နှင့်အတူ သူ့ရှေ့တွင် ပြန်ပေါ်လာသည်။ မိန်းကလေးများ အားလုံးသည် အလွန် ချောမောလှပကြသည်။ အကောင်းဆုံးအဝတ်အစားများကို ဝတ်ဆင်ထားကြသည်။ မိန်းကလေးတိုင်းသည် တဖိတ်ဖိတ် တောက်ပနေကြသော ကျောက်မျက်ရတနာများ အပြည့်ထည့်ထားသော ရွှေခွက်များကို ကိုင်ဆောင်ထားကြသည်ကို တွေ့ရသည်။

နောက်နေ့ နံနက်တွင် အာလာဒင်၏မိခင်သည် ရတနာအပြည့် ကိုင်ဆောင်ထားကြသော မိန်းကလေးများကို ခေါ်ဆောင်

mgyoe.com

mgyoe.com


ကာ ဘုရင်ကြီး၏ နန်းတော်သို့ သွားရောက်လေသည်။ လမ်းခရီး တစ်လျှောက်တွင် လူများသည် ရတနာများကို ကိုင်ဆောင်ထား ကြသော မိန်းမချောလေးများကို တအံ့တသြ ငေးမောကြည့်ရှုကြ လေသည်။

မကြာမီ အာလာဒင်၏မိခင်နှင့် မိန်းကလေးအယောက် ၄၀ သည် ဘုရင်ကြီးရှေ့မှောက်သို့ ရောက်ရှိလာလေသည်။ ဘုရင် ကြီးသည် အာလာဒင်၏ အဖိုးတန်လက်ဆောင်ပစ္စည်းများကို မြင်သော် လွန်စွာ ဝမ်းမြောက်သွားလေသည်။ ထို့နောက် အာလာ ဒင်၏ မိခင်အား-

"သင့်ရဲ့သားကို ငါကိုယ်တော်မြတ် တွေ့ချင်တယ်။ ငါနှင့် လာတွေ့ချေ"ဟု မိန့်ဆိုလေသည်။ အာလာဒင်၏ မိခင်သည် အိမ်သို့ပြန်လာကာ သူ့သား အာလာဒင်အား ဘုရင်ကြီးနှင့် သွား ရောက်တွေ့ဆုံရန် ပြောလေသည်။

နောက်တစ်နေ့တွင် အာလာဒင်သည် မီးခွက်ကို လက်ဖြင့် ပွတ်လိုက်ပြီး ဘီလူးကြီးကို ခေါ်လိုက်လေသည်။ မီးခွက်စောင့် ဘီလူးကြီးသည် သူ့ရှေ့သို့ ရောက်ရှိလာပြီး အာလာဒင်အား "ဘာအလိုရှိပါသလဲ အရှင်"ဟု မေးလေသည်။

အာလာဒင်က-

"ငါ့အတွက် အမှုတော်ထမ်းတွေ၊ အဖိုးတန် အဝတ်အစား တွေ၊ မြင်းတွေ လိုချင်ပါတယ်။ ယူဆောင်လာပေးပါ"ဟု ခိုင်း လေသည်။

မီးခွက်စောင့် ဘီလူးကြီးလည်း အာလာဒင်အား အမှုထမ်း များ၊ ဝတ်ကောင်းစားလှများ၊ မြင်းများကို ယူဆောင်လာကာ

mgyoe.com

mgyoe.com


ပေးလေသည်။ အာလာဒင်လည်း ဝတ်ကောင်းစားလှများကို ဝတ်ဆင်ကာ မြင်းဖြူကြီးတစ်ကောင်ပေါ်သို့ တက်လိုက်ပြီး နန်းတော်သို့ ထွက်ခွာလာခဲ့လေသည်။ သူ့ရှေ့တွင် မြင်းကိုယ်စီဖြင့် အမှုထမ်း ၂၄ ယောက်၊ သူ့နောက်တွင် မြင်းကိုယ်စီဖြင့် အမှုထမ်း ၂၄ ယောက် ခြံရံ၍လိုက်ပါလာကြလေသည်။ သူတို့သည် လမ်းခရီးတစ်လျှောက်တွင် ငွေများကို ပစ်ကြဲချပေးလာခဲ့ကြသည်။ လူများသည် ငွေများကို အလုအယက် ကောက်ယူကြသည်။

ဘုရင်ကြီးက အာလာဒင်ကိုတွေ့သော် အလွန်သဘောကျသွားလေသည်။ အာလာဒင်သည် အလွန်ဉာဏ်ပညာကြီးပြီး ချော မောသူတစ်ဦးဖြစ်ကြောင်း သိရှိသွားလေသည်။

"အခုအချိန်ကစပြီး ငါ့သမီးတော်ကို သင် လက်ထပ်ယူပေတော့"ဟု ဘုရင်ကြီးက မိန့်ကြားသည်။

ထိုအခါ အာလာဒင်က -

"ကျွန်တော်မျိုး အရှင့်သမီးတော်ကို အခု မယူနိုင်သေးပါ။ အဦးဆုံး အရှင့်သမီးတော်ကိုထားဖို့ လှပတဲ့ နန်းတော်ကြီးတစ်ဆောင် ဆောက်လုပ်ရပါဦးမယ်"ဟု ပြန်လည်လျှောက်တင်သည်။

ညဘက်ရောက်သော် အာလာဒင်သည် သူ့မီးခွက်ကို ပွတ်လိုက်ပြီး ဘီလူးကြီးကို ခေါ်လိုက်ကာ ဘီလူးကြီးအား အလွန်လှသည့် ကြီးမားသော နန်းတော်ကြီးတစ်ဆောင် ဖန်တီးပေးရန် ပြောကြားလေသည်။ ဘီလူးကြီးလည်း အာလာဒင် စေခိုင်းသည့်အတိုင်း ဆောင်ရွက်ပေးလေသည်။

နောက်နေ့ နံနက်တွင် ဘုရင်ကြီး အိပ်ရာမှ နိုးလာ၍ အဆောင်ပြတင်းပေါက်ကို ဖွင့်ကြည့်လိုက်သည့်အခါ အလွန်လှပ

mgyoe.com

mgyoe.com

သော နန်းတော်ကြီးတစ်ဆောင်ကို အံ့ဩဖွယ် တွေ့မြင်ရလေသည်။ နန်းတော်ကြီးသည် ရွှေရောင်တဝင်းဝင်းဖြင့် နေရောင်ထဲတွင် တောက်ပနေလေသည်။

ထိုသို့ဖြင့် အာလာဒင်နှင့် ဘုရင့်သမီးတော်တို့သည် နန်းတော်ကြီးထဲတွင် လက်ထပ်ပွဲသဘင် ဆင်ယင်ကျင်းပကြလေသည်။

ဘုရင့်သမီးတော် လက်ထပ်ပွဲဖြစ်၍ ပြည်သူပြည်သားများမှာ အားလပ်ရက် ရရှိကြကာ ပျော်ပွဲရွှင်ပွဲများတွင် ပါဝင်ဆင်နွှဲကြလေသည်။

လက်ထပ်ပွဲသဘင်ပြီးသော် အာလာဒင်နှင့် မင်းသမီးကလေးတို့သည် အလွန်လှသော နန်းတော်အသစ်ကြီးထဲတွင် နေထိုင်ကြလေသည်။ အာလာဒင်သည် မင်းသမီးကလေးအား အလွန်ချစ်မြတ်နိုးသည်။ သူတို့သည် ပျော်ရွှင်ချမ်းမြေ့စွာဖြင့် နန်းတော်ကြီးထဲတွင် နေထိုင်ကြလေသည်။

ထိုအချိန်တွင် တစ်နေ့၌ အာလာဒင်အား ဒုက္ခပေးခဲ့သည့် မှော်ဆရာကြီးသည် တရုတ်ပြည်သို့ ပြန်လည်ရောက်ရှိလာလေသည်။ မှော်ဆရာကြီးသည် အာလာဒင်၏ နန်းတော်ကြီးကို မြင်သော် အလွန်အံ့ဩသွားကာ -

"ဒီနန်းတော်ကြီးထဲမှာ ဘယ်သူတွေ နေတာလဲ"ဟု မေးမြန်းစူးစမ်းလေသည်။

လူတစ်ယောက်က -

"ဒီနန်းတော်ကြီးဟာ အာလာဒင်ရဲ့ နန်းတော်ကြီးပဲ။ အာလာဒင်နဲ့ မင်းသမီးကလေးတို့ နေကြတယ်"ဟု ဖြေသည်။

mgyoe.com

mgyoe.com


မှော်ဆရာကြီးက အာလာဒင် သေဆုံးသွားပြီဟု ထင်မှတ်ခဲ့လေရာ ယခုကဲ့သို့ အာလာဒင်သည် နန်းတော်ကြီးတစ်ဆောင်ဖြင့် ခမ်းခမ်းနားနား နေထိုင်သည်ကိုကြားသော် လွန်စွာ ဒေါသထွက်သွားလေသည်။

"ဒီကောင့်ဆီမှာ ထူးဆန်းတဲ့ မီးခွက်ရှိလို့ ဒီကောင် ဒီလိုနေနိုင်တာဖြစ်ရမယ်။ ငါ ဒီမီးခွက်ကို ရအောင်ယူမယ်" ဟု မှော်ဆရာကြီးသည် စိတ်ဆုံးဖြတ်လိုက်လေသည်။

ထို့နောက် မှော်ဆရာကြီးသည် ဆိုင်တစ်ဆိုင်သို့ သွားကာ မီးခွက်အသစ်များကို ဝယ်ယူသည်။ ထို့နောက် မီးခွက်များကို ဆွဲခြင်းထဲထည့်ကာ လမ်းတကာလှည့်လည်၍ -

"မီးခွက်အဟောင်းနှင့်အသစ် လဲတယ်။ မီးခွက် အဟောင်းတစ်လုံးရှိရင် ဒီမီးခွက်အသစ်တစ်လုံး ရမယ်"ဟု ပြောဆိုကာ တစ်လမ်းဝင် တစ်လမ်းထွက်ဖြင့် မီးခွက်အဟောင်းနှင့် အသစ်လဲလှယ်လေသည်။

မကြာမီ မှော်ဆရာကြီးသည် အာလာဒင်၏ နန်းတော်ကြီးဆီသို့ ရောက်ရှိလာလေသည်။ မှော်ဆရာကြီးသည် နန်းတော်နားရောက်သော် -

"ဟောဒီမှာ မီးခွက်အဟောင်းနှင့် အသစ် လဲတယ်။ သင့်မှာ မီးခွက်အဟောင်းတစ်လုံးရှိရင် မီးခွက်အသစ်တစ်လုံး ရမယ်" ဟု အော်ကာ မီးခွက်လဲရန် ဆွဲဆောင်နေလေသည်။

မှော်ဆရာကြီး၏အသံကို မင်းသမီးကလေး ကြားသွားလေသည်။

ထိုအခါ မင်းသမီးကလေးက "အာလာဒင့်ဆီမှာ မီးခွက်

mgyoe.com

mgyoe.com


အပေါင်းကလေးတစ်လုံးတွေ့တယ်၊ ရှာဦးမှ။ မီးခွက်အပေါင်းပေးရင် မီးခွက်အသစ်ရမှာပဲ''ဟုတွေးမိကာ အာလာဒင်၏ မီးခွက်ကို ရှာလေသည်။ မင်းသမီးကလေးသည် အာလာဒင်၏ မီးခွက်အား ထူးဆန်းသော လိုတရ မီးခွက်ကလေးမှန်း မသိရှာပေ။

မင်းသမီးကလေးသည် အာလာဒင်၏ မီးခွက်ကလေးကို တွေ့သော် ယူဆောင်လာကာ မှော်ဆရာကြီးအား ပေးလေသည်။ မှော်ဆရာကြီးလည်း သူ ယူဆောင်လာသည့် မီးခွက်အသစ်တစ်လုံးကို မင်းသမီးကလေးအား ပြန်လည်၍ ပေးလေသည်။

မှော်ဆရာကြီးသည် အာလာဒင်၏ မီးခွက်ကို ရရှိသော် ဝမ်းသာအားရဖြစ်ကာ သူ့မီးခွက်အသစ်များကို ပစ်ချကာ ပြေးထွက်လာခဲ့သည်။ သူသည် လိုတရ မီးခွက်ကလေးကို ရရှိပြီဖြစ်၍ အလွန်ဝမ်းသာနေလေသည်။

ထိုညတွင် မှော်ဆရာကြီးသည် မီးခွက်ကို ပွတ်လိုက်ပြီး မီးခွက်စောင့်ဘီလူးကြီးကို ခေါ်ယူလိုက်လေသည်။

မီးခွက်စောင့်ဘီလူးကြီး ရောက်ရှိလာသော် ဘီလူးကြီးက မှော်ဆရာကြီးအား ''အရှင် ဘာအလိုရှိပါသလဲ''ဟု မေးလေသည်။

မှော်ဆရာကြီးက -

''အာလာဒင်ရဲ့ နန်းတော်ကြီးကို ယူဆောင်ပြီး အာဖရိကနိုင်ငံကို ပို့ပေးပါ''ဟု စေခိုင်းလေသည်။

ဘီလူးကြီးလည်း အာလာဒင်၏ နန်းတော်ကြီးကို ပခုံးပေါ်ထမ်းတင်ကာ အာဖရိကနိုင်ငံသို့ ပို့ပေးလိုက်လေသည်။

နံနက်ရောက်၍ ဘုရင်ကြီး အိပ်ရာမှနိုးကာ ပြတင်းပေါက်

mgyoe.com

mgyoe.com


မှ လှမ်းကြည့်လိုက်သော် အာလာဒင်၏ နန်းတော်ကြီးမှာ ပျောက်ဆုံးလျက်ရှိနေသည်ကို တွေ့ရလေသည်။ ဘုရင်ကြီးသည် မယုံကြည်စွာဖြင့် မျက်စိကိုပွတ်သပ်ကြည့်ကာ–

"အာလာဒင်ရဲ့ နန်းတော်ကြီးနှင့် သမီးတော်ကလေး ဘယ်ရောက်သွားသလဲ"ဟု အမှုထမ်းများအား မေးလေသည်။ မည်သူမျှ မပြောနိုင်ကြချေ။

"အာလာဒင်ကို ဖမ်းဆီးပြီး ငါ့ဆီခေါ်လာခဲ့ကြ"ဟု ရဲမက်တော်များအား စေခိုင်းလိုက်လေသည်။

ရဲမက်တော်များလည်း အာလာဒင်ကို ဖမ်းဆီးကာ ဘုရင်ကြီးထံသို့ ခေါ်ဆောင်လာခဲ့လေသည်။

"ကျွန်ုပ်မှာ ဘာအပြစ်ရှိလို့ ဖမ်းဆီးရတာလဲ"ဟု အာလာဒင်က တအံ့တဩဖြင့်မေးရင်း လိုက်ပါလာခဲ့သည်။

ဘုရင်ကြီး၏ နန်းတော်ဆီသို့ရောက်သော် သူ့နန်းတော်ကြီးမှာ နေရာတွင် မရှိတော့သည်ကို ထူးဆန်းစွာ တွေ့မြင်လိုက်ရလေသည်။ အာလာဒင်က–

"ကျွန်ုပ်နန်းတော်ကြီး ဘယ်ရောက်သွားပြီလဲ။ ကျွန်ုပ်ဇနီး မင်းသမီးကလေးကော ဘယ်ဆီမှာလဲ"ဟု ဆိုမြည်နေလေသည်။

ထို့နောက် အာလာဒင်လည်း ဘုရင်ကြီးထံသို့ သွားရောက်ကာ–

"ကျွန်တော်မျိုးရဲ့ နန်းတော်ကို ရှာခွင့်ပြုပါ" ဟု ဆိုလေသည်။

ဘုရင်ကြီးလည်း "ကောင်းပြီ၊ မြန်မြန်သာရှာ" ဟု ပြန်

mgyoe.com

mgyoe.com

ပြောသည်။

အာလာဒင်လည်း သူ့နန်းတော်ကြီးကို နေရာအနှံ့လိုက်ရှာလေသည်။ သို့သော် နန်းတော်ကြီးကို မည်သည့်နေရာမှာမျှ ရှာဖွေ၍ မတွေ့ချေ။

တစ်ညတွင် အာလာဒင်သည် ထိုင်၍ငိုယိုလျက်ရှိစဉ် သူ့လက်နှစ်ဖက်ကို ပွတ်လိုက်မိသွားကာ လက်စွပ်ကိုပါ ပွတ်တိုက်မိရက်သား ဖြစ်သွားသည်။ ထိုအခါ လက်စွပ်စောင့်ဘီလူးသည် သူ့ရှေ့တွင် ပေါ်လာကာ "အရှင် ဘာအလိုရှိပါသလဲ"ဟု မေးလေသည်။ ထိုအခါ အာလာဒင်သည် သူ့လက်စွပ်စောင့်ဘီလူးကလေးကို ပြန်၍ သတိရသွားလေသည်။

"ကျွန်ုပ် သင့်ကို မေ့နေတယ်။ အခု ကျွန်ုပ် ဒုက္ခရောက်နေပါတယ်။ ကျေးဇူးပြုပြီး ကျွန်ုပ်ကို ကျွန်ုပ်နန်းတော်ဆီ ခေါ်ဆောင်သွားပေးပါ"ဟု ပြောဆိုလေသည်။

လက်စွပ်စောင့်ဘီလူးသည် အာလာဒင်ကို အာဖရိကနိုင်ငံသို့ ပို့ဆောင်ပေးလေသည်။ ထို့နောက် အာလာဒင်ကို နန်းတော်အပြင်ဘက် တစ်နေရာတွင် ချပေးလိုက်လေသည်။

အာလာဒင်သည် သစ်ပင်တစ်ပင်အောက်တွင် ထိုင်ကာ အခြေအနေ စောင့်ကြည့်နေလေသည်။ မကြာမီ အာလာဒင်၏ ဇနီး မင်းသမီးကလေးသည် နန်းတော်ပြတင်းပေါက်မှ ထွက်လာသည်ကိုတွေ့ရသည်။ မင်းသမီးကလေးသည် အာလာဒင်ကို တွေ့သော် အလွန်ဝမ်းသာသွားသည်။ မင်းသမီးကလေးက အာလာဒင်အား -

"မောင်တော်··နှမတော်ကို လာပြီးခေါ်ဆောင်လှည့်ပါ"
mgyoe.com

mgyoe.com


ဟု ဆိုလေသည်။

အာလာဒင်က ''နှမတော်ကို ခေါ်ဆောင်ဖို့ မောင်တော် ရောက်ရှိလာတာ ဖြစ်ပါတယ်။ ခဏလောက်စောင့်ပါ''ဟု ပြန် ပြောသည်။

အာလာဒင်လည်း လမ်းတစ်လျှောက် လျှောက်လှမ်းလာ ခဲ့ရာ လမ်း၌ အဘိုးအိုတစ်ဦးနှင့် တွေ့ဆုံမိလေသည်။ အာလာဒင် သည် သူ့အဖိုးတန် အဝတ်အစားများကို ချွတ်၍ အဘိုးအိုအား ပေးကာ အဘိုးအိုကိုယ်ပေါ်မှ အဝတ်အစားဟောင်းများကို တောင်း ယူ၍ ဝတ်ဆင်လိုက်လေသည်။ ထို့နောက် သူသည် ဈေးသို့သွား ရာ တွေ့မြင်သူတိုင်းက သူ့အား အဘိုးအိုတစ်ဦးဟုသာ ထင်မှတ် ကြလေသည်။ အာလာဒင်သည် ဈေးမှ အဆိပ်များကို ဝယ်ယူကာ နန်းတော်သို့ ပြန်လာခဲ့လေသည်။

နန်းတော်သို့ ရောက်သော် အာလာဒင်သည် သူ ယူဆောင် လာခဲ့သော အဆိပ်များကို မင်းသမီးကလေးအား ပေးအပ်ကာ-

''နှမတော်..ဒီအဆိပ်တွေကို မှော်ဆရာကြီးသောက်တဲ့ ဖန်ခွက်ထဲ ထည့်ထားပါ''ဟု ခိုင်းကာ အာလာဒင်သည် တစ် နေရာတွင် ပုန်းအောင်းနေလေသည်။

ထိုညတွင် မှော်ဆရာကြီးသည် မင်းသမီးထံ ရောက်ရှိလာ လေသည်။ မင်းသမီးကလေးလည်း မှော်ဆရာကြီးအား အကောင်း ဆုံး စားသောက်ဖွယ်ရာများနှင့် ဝိုင်အရက်တို့ဖြင့် တည်ခင်းသည်။ မင်းသမီးကလေးသည် မှော်ဆရာကြီးမမြင်အောင် ဝိုင်အရက် ခွက်ထဲသို့ အဆိပ်များ ခတ်လိုက်သည်။ ထို့နောက် မှော်ဆရာကြီး အား-

mgyoe.com

mgyoe.com


"ဒီဝိုင်အရက်ကလေးကို သောက်လိုက်ပါ။ နှမတော်လည်း သောက်ပါ့မယ်"ဟုဆိုကာ အဆိပ်ခတ်ထားသော အရက်ဖန်ခွက်ကို မှော်ဆရာကြီးအား ပေးလေသည်။

မှော်ဆရာကြီးလည်း မင်းသမီးကလေး၏ ချိုသာသော စကားကိုကြားသော် သဘောတွေ့သွားပြီး မင်းသမီးကလေး ပေးသော ဝိုင်အရက်ခွက်ကို လှမ်းယူကာ တစ်ခါတည်း မော့ချလိုက်လေသည်။

မကြာမီ မှော်ဆရာကြီးသည် ကြမ်းပြင်ပေါ်သို့ လဲကျသွားလေသည်။

မင်းသမီးကလေးသည် အာလာဒင်အား -

"မောင်တော်..မြန်မြန်လာ၊ မြန်မြန်"ဟု အော်ပြောလိုက်လေသည်။

အာလာဒင်သည် ပုန်းအောင်းနေရာမှ အမြန်ထွက်လာကာ မင်းသမီးကလေး၏ အခန်းထဲသို့ ရောက်ရှိလာလေသည်။ မှော်ဆရာကြီးကား ကြမ်းပြင်ပေါ်သို့ လဲကျလျက်ရှိနေသည်ကို တွေ့ရလေသည်။

အာလာဒင်က မင်းသမီးကလေးအား -

"ထူးဆန်းတဲ့ မီးခွက်ကလေး ဘယ်မှာလဲ"ဟု မေးသည်။

မင်းသမီးကလေးက -

"မှော်ဆရာကြီးရဲ့ အင်္ကျီအောက်ထဲမှာ ရှိတယ်"ဟု ပြန်ပြောသည်။

အာလာဒင်လည်း မီးခွက်ကို မှော်ဆရာကြီး၏ အင်္ကျီထဲမှ နှိုက်ယူလိုက်သည်။ မီးခွက်ကို ရရှိသော် အာလာဒင်သည် မှော်

mgyoe.com

mgyoe.com


ဆရာကြီး၏ ဦးခေါင်းကို ဓားဖြင့် ခုတ်ပိုင်းလိုက်သည်။

ထို့နောက် အာလာဒင်သည် လိုတရမီးခွက်ကလေးကို ပွတ်လိုက်ကာ မီးခွက်စောင့်ဘီလူးအား ခေါ်ယူလိုက်သည်။ မီးခွက်စောင့်ဘီလူး ရောက်လာသော် အာလာဒင်က မီးခွက်စောင့်ဘီလူးအား-

"ကျွန်ုပ်တို့ကို တရုတ်ပြည်သို့ ပြန်လည်ပို့ဆောင်ပေးပါ" ဟု စေခိုင်းလေသည်။

မီးခွက်စောင့်ဘီလူးလည်း အာလာဒင်ခိုင်းစေသည့်အတိုင်း ဆောင်ရွက်ပေးရာ မကြာမီ သူတို့သည် တရုတ်ပြည်သို့ ပြန်လည်ရောက်ရှိလာလေသည်။

အာလာဒင်နှင့် မင်းသမီးကလေးတို့ သူတို့ဌာနေသို့ ပြန်လည်ရောက်ရှိလာသည်ကိုတွေ့သော် အားလုံးသည် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြလေသည်။

ဘုရင်ကြီးက အာလာဒင်အား -

"ငါ့သမက် အာလာဒင်ဟာ ငါ့သမီးတော်ကလေးကို ရှာဖွေတွေ့ရှိပြီး ကယ်တင်လာနိုင်ခဲ့တယ်။ သူ့ယုတ်မာ မှော်ဆရာကြီးကိုလည်း ရှင်းလင်းသုတ်သင်နိုင်ခဲ့တယ်။ ဉာဏ်အမြော်အမြင်ကြီးမားပါပေတယ်"ဟု ချီးမွမ်းပြောဆိုလိုက်လေသည်။ ။

[ တစ်ထောင့်တစ်ညပုံပြင်၊ Aladdin and the Wonderful Lamp ]

mgyoe.com

mgyoe.com

## နှစ်တစ်ရာတိုင် အိပ်ပျော်နေသော
## မင်းသမီးကလေး



mgyoe.com

## နှစ်တစ်ရာတိုင် အိပ်ပျော်နေသော မင်းသမီးကလေး

တစ်ခါက 'ရို့ဘတ်'အမည်ရှိ မင်းသမီးကလေးတစ်ပါး ရှိလေသည်။ မင်းသမီးကလေးရို့ဘတ်သည် နန်းတော်ကြီးထဲတွင် ဖခင်ဘုရင်ကြီးနှင့် မယ်တော်တို့နှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်နေလေသည်။

ရို့ဘတ်ငယ်ရွယ်စဉ် ကလေးဘဝအရွယ်က သူ့ဖခင် ခမည်းတော်နှင့် မယ်တော်တို့သည် နန်းတော်ကြီးထဲတွင် သူ့အား နာမည်ပေး ကင်ပွန်းတပ် မင်္ဂလာအခမ်းအနားကြီးကို ကြီးကျယ်ခမ်းနားစွာ ကျင်းပရန် စီစဉ်လေသည်။ ထိုပွဲသို့ နန်းတော်သူ နန်းတော်သားများ၊ မိတ်ဆွေသင်္ဂဟများကို ဖိတ်ကြား၍ စားပွဲများကျင်းပကာ ကျွေးမွေးဧည့်ခံမည်ဖြစ်သည်။

မိဖုရားကြီးက 'သမီးတော်လေး နာမည်ပေးကင်ပွန်းတပ်မင်္ဂလာအခမ်းအနားကို တက်ရောက်လာတဲ့ လူတိုင်းက သမီးတော်လေးအတွက် လက်ဆောင်ပစ္စည်းတွေ ယူလာကြမှာပဲ။ ငါတို့သူတို့ကို ကျေးဇူးတင်တဲ့အနေနဲ့ အကောင်းဆုံး စားသောက်

mgyoe.com

mgyoe.com

ဖွယ်ရာတွေနဲ့ ကျွေးမွေးဧည့်ခံရမယ်’ဟု ဆိုကာ စားတော်ကဲများအား အကောင်းဆုံးသော စားဖွယ်သောက်ဖွယ်ရာများကို စီမံချက်ပြုတ်ရန် စေခိုင်းလေသည်။

ထိုသို့ဖြင့် ဘုရင့်စားဖိုဆောင်ထဲတွင် စားဖိုမှူးနှင့် စားတော်ချက်များသည် တစ်နေ့လုံး မင်းသမီးကလေး၏ နာမည်ပေး ကင်ပွန်းတပ်မင်္ဂလာအခမ်းအနား ဧည့်ခံပွဲအတွက် အကောင်းဆုံးသော အစားအသောက်များကို ချက်ပြုတ်စီမံကြလေသည်။

ညနေသို့ရောက်သော် မင်းပရိသတ်အပေါင်းသည် စားပွဲကြီးကျင်းပသည့်နေရာသို့ အသီးသီး ရောက်ရှိလာကြလေသည်။ သူတို့သည် မင်းသမီးကလေးကို ကြည့်ကာ-

‘သိပ်ချောသိပ်လှတဲ့ ချစ်စရာကလေးလေးပါပဲ’ဟု ချီးမွမ်းပြောဆိုကြလေသည်။

ထို့နောက် တက်ရောက်လာသော ဧည့်သည်တော်များသည် မိဖုရားကြီးအား မင်းသမီးကလေးအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်ကြပြီး မင်္ဂလာရှိသည့်စကားကို ပြောကြားကြလေသည်။ မိဖုရားကြီး၏ မိတ်ဆွေတစ်ဦးက-

‘သမီးတော် မင်းသမီးကလေး အစဉ်အမြဲ ချောမောလှပတဲ့သူ ဖြစ်ပါစေ’ဟု ဆုမွန်ကောင်း တောင်းပေးသည်။

တခြားသူတစ်ဦးကမူ ‘မင်းသမီးကလေးဟာ ရုပ်လည်းလှ၊ ချမ်းလည်းချမ်းသာတဲ့သူ ဖြစ်ပါစေ’ဟု ဆုပေးသည်။

ဤသို့ မင်းသမီးကလေး၏ပွဲသို့ တက်ရောက်လာကြသူအားလုံးက မင်းသမီးကလေးအတွက် အကောင်းဆုံးသော လက်ဆောင်ပစ္စည်းများ၊ မင်္ဂလာရှိသော စကားများကို ပြောကြားကြ
mgyoe.com

mgyoe.com


လေသည်။

မင်းသမီးကလေးသည် သူတို့အားကြည့်ကာ ဝမ်းမြောက်ဝမ်းသာ ရယ်မောလေသည်။

ထိုအချိန်တွင် မင်းသမီးကလေး၏ နာမည်ပေးကင်ပွန်းတပ် အခမ်းအနား ဧည့်ခံပွဲသို့ ဖိတ်ကြားခြင်း မခံရ၍ 'မာလစ်' အမည်ရှိ နတ်ဆိုးမကြီးသည် အလွန်ဒေါသထွက်လျက် ရှိနေလေသည်။ ဘုရင်ကြီးနှင့် မိဖုရားကြီးသည် နတ်ဆိုးမကြီးအား မနှစ်သက်၍ ဧည့်ခံပွဲသို့ ဖိတ်ကြားခြင်း မပြုခဲ့ပေ။

နတ်ဆိုးမကြီး မာလစ်တွင် ကြောင်နက်တစ်ကောင် ရှိလေသည်။ ထိုကြောင်သည် လမ်းလျှောက်ရာမှ အိမ်သို့ ပြန်လည်ရောက်ရှိချိန်တွင် သူ့သခင် နတ်ဆိုးမကြီးအား -

'အရှင် ဒီနေ့ည ဘုရင့်နန်းတော်မှာ မင်းသမီးကလေး နာမည်ပေးကင်ပွန်းတပ် မင်္ဂလာအခမ်းအနားပွဲ ရှိတယ်။ ဘုရင်ကြီးနှင့် မိဖုရားကြီးက မိတ်ဆွေသင်္ဂဟာအားလုံးကို အဲဒီအခမ်းအနားတက်ဖို့ ဖိတ်ကြားထားတယ်'ဟု သတင်းပေးလေသည်။

ကြောင်၏စကားကိုကြားသော် နတ်ဆိုးမကြီးမာလစ်သည် ဒေါသထွက်ကာ 'ငါ့ကိုတော့ ဘာလို့မဖိတ်တာလဲ'ဟု ဆိုလေသည်။

ကြောင်နက်က ဆက်လက်၍ -

'နန်းတော်ထဲက ကျွန်တော့်မိတ်ဆွေကြောင်ရဲ့ ပြောစကားအရဆိုရင် ဘုရင်ကြီးနှင့် မိဖုရားကြီးက အရှင့်ကို မနှစ်သက်ကြဘူးလို့ သိရပါတယ်။ ဘုရင်ကြီးက မိဖုရားကြီးကို အရှင်ဟာနတ်ဆိုးဖြစ်တဲ့အတွက် စားပွဲကြီးသို့ မဖိတ်ကြားဖို့ ပြောကြားခဲ့

mgyoe.com

mgyoe.com


တယ်လို့ ဆိုပါတယ်'ဟု ဆိုလေသည်။

နတ်ဆိုးမကြီးမာလစ်သည် ပို၍ ဒေါသဖြစ်သွားလေသည်။ ထို့နောက် နတ်ဆိုးမကြီးသည် -

'ငါ နန်းတော်ကို သွားမယ်။ ဘုရင်ကြီးနှင့် မိဖုရားဟာ ငါ့ကို မဖိတ်တဲ့အတွက် သူတို့ကို ဒုက္ခရောက်အောင်၊ ဆင်းရဲအောင် ငါလုပ်ရမယ်'ဟု ဆိုကာ ကြောင်ကို ခြေထောက်ဖြင့် တစ်ချက်ကန်ကာ ဘုရင့်နန်းတော်သို့ ထွက်ခွာလာခဲ့လေသည်။

မကြာမီ နတ်ဆိုးမကြီး မာလစ်သည် ဘုရင့်နန်းတော်ဆီသို့ ရောက်ရှိလာလေသည်။ မင်းသမီးကလေး၏ နာမည်ပေးကင်ပွန်းတပ် ညစာစားပွဲကြီးမှာ စည်ကားဆဲပင် ရှိသေးသည်။ ဘုရင်ကြီး၏ မိတ်ဆွေများသည် မင်းသမီးကလေး ရှိ့ဘတ်ကို ကြည့်ကာ ချီးမွမ်းစကားပြောကြားလျက် ရှိနေကြလေသည်။

ထိုအချိန်တွင် ဘုရင်ကြီးသည် နန်းတော်ထဲသို့ ဝင်ရောက်လာသော နတ်ဆိုးမကြီးမာလစ်ကို မြင်သော်-

'သင် သင့်ကိုမဖိတ်ကြားဘဲ ဘာလို့ ဒီပွဲကို လာရသလဲ' ဟု မေးလေသည်။

ထိုအခါ နတ်ဆိုးမကြီး မာလစ်က -

'မှန်တယ် သင် ကျွန်ုပ်ကို မဖိတ်ကြားပါဘူး၊ သင် ကျွန်ုပ်ကို ဒီပွဲမှာ မဖိတ်ကြားတဲ့အတွက် မကြာခင် သင် စိတ်မချမ်းမသာဖြစ်ရပြီသာ မှတ်ပေတော့'ဟု ဒေါသတကြီး ပြောဆိုလေသည်။

နတ်ဆိုးမကြီးသည် မင်းသမီးကလေးကို ကြည့်လိုက်ပြီး ရယ်မောနေသော မင်းသမီးကလေးအား-

'လူတိုင်းက မင်းသမီးကလေးကို ပိုပြီးလှလာစေဖို့ ပျော်

mgyoe.com

mgyoe.com


ရွှင်ဖို့၊ ချမ်းသာဖို့ ဆုတောင်းပေးကြတယ်၊ ငါကတော့ သူတို့နှင့် မတူတဲ့ ဆုတွေပေးမယ်' ဟု ပြောဆိုလေသည်။

နတ်ဆိုးမကြီးသည် တဟားဟားရယ်မောကာ ဘုရင်ကြီးနှင့် မိဖုရားကြီးအား –

'သင်တို့ရဲ့ သမီးတော်ဟာ အရွယ်ရောက်လာရင် ချောမောလှပပြီး ချမ်းချမ်းသာသာနှင့် စိတ်ပျော်ရွှင်မှု အပြည့်အဝ ရရှိလာမှာပါ။ အင်း … ဒါပေမဲ့ အသက် ၁၆ နှစ်အရွယ်ရောက်လာရင်တော့ ဘဝကံကုန်ပြီး လူ့လောကက စွန့်ခွာသွားရလိမ့်မယ်၊ သူ့လက်ကို အပ်စူးမိပြီး သေလိမ့်မယ်' ဟု ဆိုကာ ရယ်မော၍ နန်းတော်ထဲမှ ထွက်ခွာသွားလေသည်။

နတ်ဆိုးမကြီး၏ စကားကိုကြားသော် ဘုရင်ကြီးနှင့် မိဖုရားကြီးသည် လွန်စွာ စိတ်ထိခိုက်သွားကြသည်။ မည်သို့လုပ်ရမှန်း မသိတော့ချေ။

'ကျွန်တော်မျိုးမတို့ရဲ့ သမီးတော်လေးကို ဘယ်လိုကယ်ရပါ့' ဟု မိဖုရားကြီးက ဆိုညည်းလေသည်။

သို့သော် ဘုရင်ကြီးသည် စိတ်ကောင်းရှိသော နတ်သမီးကြီးတစ်ပါးကိုလည်း သူ့သမီးတော်လေး နာမည်ပေးကင်ပွန်းတပ်အခမ်းအနားသို့ တက်ရောက်ရန် ဖိတ်ကြားထားလေရာ ထိုနတ်သမီးကြီးသည် နန်းတော်သို့ ရောက်ရှိလာခဲ့လေသည်။ နတ်သမီးကြီးသည် မင်းသမီးကလေးအား မည်သည့်လက်ဆောင်ကိုမျှ မပေးရသေးချေ။

စိတ်ကောင်းရှိသော နတ်သမီးကြီးက ဘုရင်ကြီးနှင့် မိဖုရားကြီးအား –

mgyoe.com

mgyoe.com


'ဘာမှ စိတ်မကောင်းမဖြစ်ပါနှင့်၊ မင်းသမီးလေး မသေနိုင်ပါဘူး၊ မင်းသမီးကလေး မသေတဲ့ဆုကို ကျွန်ုပ်ပေးခဲ့ပါ့မယ်။ သူဟာ နှစ်တစ်ရာတိုင် အိပ်စက်နေပါလိမ့်မယ်။ ချောမောတဲ့ မင်းသားလေးတစ်ပါးက လာနှိုးမှ အိပ်ရာက နိုးပါလိမ့်မယ်'ဟု ပြောဆိုလေသည်။

စိတ်ကောင်းရှိသော နတ်သမီးကြီး၏စကားကိုကြားသော် ဘုရင်ကြီးနှင့် မိဖုရားကြီးသည် အလွန် ဝမ်းမြောက်ဝမ်းသာဖြစ်သွားသည်။ စိတ်ကောင်းရှိသည့် နတ်သမီးကြီးကိုလည်း ကျေးဇူးအထူးတင်သွားသည်။ သို့သော် သူတို့သမီးလေး နှစ်တစ်ရာအထိ အိပ်ပျော်သွားမည်ဆိုသည်ကိုမူ မလိုလားကြပေ။ ထို့ကြောင့် ဘုရင်ကြီးက -

'ငါတို့တိုင်းပြည်မှာ အပ်မှန်သမျှ မရှိစေရဘူး။ သမီးကလေး မမြင်စေရဘူး၊ သမီးတော်ကလေး ရှို့ဘတ်ရဲ့ လက်ကို ဘယ်နည်းနှင့်မှ အပ်မစူးစေရဘူး'ဟု အမိန့်ထုတ်လေသည်။

ထိုအခါ အပ်ချုပ်သမားများက -

'ကျွန်တော်မျိုးတို့ အပ်မရှိဘဲ ဘယ်လိုလုပ် အဝတ်အထည်များ ချုပ်လုပ်လို့ ရနိုင်ပါ့မလဲ၊ လူတွေ အဝတ် ဘယ်လိုဝတ်ဆင်ကြရမလဲ'ဟု ဆိုကြလေသည်။

ဘုရင်ကြီးက-

'လူတိုင်း အဝတ်အထည်တွေကို တခြားတိုင်းပြည်က ဝယ်ကြရမယ်၊ ငါ့တိုင်းပြည်မှာ ဘာအပ်မှ မရှိစေရဘူး'ဟု မိန့်ဆိုလေသည်။

ပြည်သူပြည်သားများ သူတို့၏ အဝတ်အထည်များကို

mgyoe.com

mgyoe.com


တခြားတိုင်းပြည်များမှ မဝယ်ယူလိုကြပေ။ သို့သော် သူတို့သည် ဘုရင်ကြီး၏ မိန့်ဆိုချက်အတိုင်း အပ်များကို ဖျောက်ဖျက်ပစ်ကြလေသည်။ အပ်ချုပ်သမားများသည် ချုပ်စရာအပ်မရှိ၍ သူတို့၏ လုပ်ငန်းများကို စွန့်ခွာကာ တခြားလုပ်ငန်းများသို့ ပြောင်းရွှေ့လုပ်ကိုင်ကြသေလည်။ သူတို့သည် ဘုရင်ကြီးနှင့် မိဖုရားကြီး၊ မင်းသမီးကလေးတို့ကို ချစ်ခင်ရိုသေကြ၍ မင်းသမီးလေး ရှို့ဘတ်အား ဒုက္ခမရောက်စေလိုကြပေ။

ထိုသို့ဖြင့် နှစ်ကာလကြာမြင့်သည့်အခါ မင်းသမီးကလေး ရှို့ဘတ်သည် လူလားမြောက် အရွယ်ရောက်လာကာ ချောမောလှပသော မိန်းမပျိုကလေးတစ်ယောက် ဖြစ်လာခဲ့လေသည်။ သူသည် ရုပ်ချောသည်သာမက စိတ်ရင်းကောင်းရှိသူဖြစ်၍ လူတိုင်းက မင်းသမီးကလေးကို ချစ်ခင်ကြလေသည်။ ဘုရင်ကြီးနှင့် မိဖုရားကြီးသည် မင်းသမီးကလေးအား နတ်ဆိုးမကြီး မာလစ်အကြောင်းကို လုံးဝ မပြောကြားကြပေ။

မင်းသမီးကလေးအတွက် ဝတ်စားတန်ဆာများ လိုအပ်လျှင် မိဖုရားကြီးသည် အဝတ်အထည်များကို တခြားတိုင်းပြည်မှ ဝယ်ယူပေးလေ့ရှိသည်။ ထို့ကြောင့် မင်းသမီးကလေးသည် တိုင်းပြည်တွင် အဝတ်အထည်ရက်လုပ်သည့်လုပ်ငန်း၊ ချုပ်လုပ်သည့် လုပ်ငန်းများကို မမြင်တွေ့ဖူးချေ။ မင်းသမီးကလေး၏ တိုင်းပြည်တွင်းမှ အပ်ချုပ်သမားများသည် အပ် မကိုင်ကြရ၍ တခြားလုပ်ငန်းများသို့ ပြောင်းရွှေ့လုပ်ကိုင်နေကြသည်ဖြစ်ရာ အဘယ်မှာလျှင် အပ်ချုပ်သမားများကို တွေ့မြင်နိုင်တော့မည်နည်း။

မင်းသမီးကလေး အသက် ၁၆ နှစ်ပြည့်သည့်နေ့ နံနက်

mgyoe.com

mgyoe.com

ခင်းတွင် မင်းသမီးကလေး ရို့ဘတ်သည် ဘောလုံးတစ်လုံးနှင့် အတူ နန်းဥယျာဉ်အတွင်း၌ ကစားလျက်ရှိနေသည်။ မင်းသမီး ကလေးတွင် အစ်ကို၊ အစ်မများ မရှိ၍ ခွေးဖြူကလေးကို အဖော် လုပ်ကာ ကစားနေလေသည်။ မင်းသမီးကလေးသည် ခွေးဖြူက လေးထံသို့ ဘောလုံးကိုပစ်ပေးကာ ဖမ်းစေသည်။ ခွေးဖြူကလေး သည် ဘောလုံးနှင့်ကစားနေရသည်ကို အလွန်နှစ်သက်နေလေ သည်။ ရို့ဘတ်သည် ခွေးကလေးကိုကြည့်ကာ ပျော်ရွှင်နေမိ သည်။ သူသည် ရယ်မောကာ ခွေးကလေးထံသို့ ဘောလုံးကို ပစ်ပေးလိုက်ပြန်လေသည်။ သို့သော် ယခုအကြိမ်တွင် ဘောလုံး သည် ဥယျာဉ်နံရံကိုကျော်ကာ အပြင်ဘက်သို့ ကျသွားလေသည်။

ရို့ဘတ်က သူ့ခွေးအား–

'ငါတို့ ဘာလုပ်ကြမလဲ၊ မယ်တော်က နန်းဥယျာဉ်အတွင်း က အပြင်ကို မထွက်ရဘူးလို့ မိန့်မှာထားတယ်၊ အပြင်ကိုထွက် တာ လုံးဝ မကြိုက်ဘူး' ဟု ဆိုလေသည်။

ခွေးသည် ဥယျာဉ်တံခါးနားတွင် ရပ်လျက်ရှိသည်။ မင်း သမီးကလေး ရို့ဘတ်က ခွေးကလေးအား–

'မင်းသွားပြီး ဘောလုံးကို ရှာမလား၊ ငါ တံခါးဖွင့်ပေး မယ်' ဟု ပြောလေသည်။ ခွေးဖြူကလေးက မင်းသမီးကလေး၏ စကားကို သဘောတူကြောင်း ပြသည်။ ထို့ကြောင့် မင်းသမီး ကလေးသည် ဥယျာဉ်တံခါးကိုဖွင့်ပေးလိုက်ရာ ခွေးကလေးသည် အပြင်သို့ ပြေးထွက်သွားကာ ဘောလုံးကို ရှာလေသည်။ ခွေး ကလေးသည် ဘောလုံးကို နေရာအနှံ့ လိုက်လံရှာဖွေသော်လည်း ရှာဖွေမတွေ့ချေ။ ထိုအခါ မင်းသမီးကလေး ရို့ဘတ်က 'ဘော

mgyoe.com

mgyoe.com

လုံး တစ်နေရာရာမှာ ရှိကိုရှိရမယ်'ဟု ဆိုကာ သူကိုယ်တိုင် ဘောလုံးကိုရှာရန် ဥယျာဉ်အတွင်းမှ အပြင်သို့ ပြေးထွက်လာခဲ့လေသည်။

နန်းတော်ကြီး၏ နံရံအုတ်တံတိုင်းနားတွင် အိမ်ကလေးတစ်လုံးကို မင်းသမီးကလေး တွေ့မြင်ရလေသည်။ ယခင်က ထိုအိမ်ကလေးကို မတွေ့ဖူးချေ။ အဘွားအိုတစ်ဦးသည် အိမ်အပြင်ဘက်တွင် ထိုင်နေလေသည်။ အဘွားအိုကြီးမှာ တခြားသူ မဟုတ်ပေ။ နတ်ဆိုးမကြီး မာလစ်ပင် ဖြစ်လေသည်။ သို့သော် ရို့ဘတ်သည် နတ်ဆိုးမကြီးနှင့်ပတ်သက်၍ ဘာမျှမသိချေ။ နတ်ဆိုးမကြီးက မင်းသမီးကလေး ရို့ဘတ်အား –

'မင်းသမီးကလေး ဘာအလိုရှိပါသလဲ'ဟု မေးလေသည်။

မင်းသမီးကလေးက –

'သမီး ဘောလုံးကလေး ရှာနေတာပါ၊ ဘွားဘွား သမီးဘောလုံးကို ဘယ်မှာတွေ့မိပါသလဲ'ဟု မေးလေသည်။

ထိုအခါ နတ်ဆိုးမကြီးက–

'အဘွား ဘောလုံးကို မတွေ့မိပါဘူးကွယ်၊ အဘွားလည်း အထည်တွေ ချုပ်လုပ်နေတာနှင့် မအားလပ်အောင် ဖြစ်နေတယ်ကွယ့်၊ ဒါကြောင့် အပြင်ကို မကြည့်မိလိုက်ဘူး'ဟု ပြောဆိုလေသည်။

မင်းသမီးကလေးသည် နတ်ဆိုးမကြီး၏ စကားကိုကြားသော် အံ့သြစွာဖြင့် –

'အဘွားက အထည်ချုပ်တယ် ဟုတ်လား၊ ဘယ်လိုချုပ်သလဲ၊ သမီး အထည်ချုပ်တာကို တစ်ခါမှ မမြင်ဖူးဘူး'ဟု ဆို

mgyoe.com

mgyoe.com


လေသည်။

'ဒါဖြင့် သမီးကို အဘွားပြရတာပေါ့'ဟု ဆိုကာ အထည် ချုပ်သည့် အပ်ကို မင်းသမီးကလေးအား ပြလေသည်။

မင်းသမီးကလေးက-

'ဒါ ဘာလဲ'ဟု မေးလေသည်။

နတ်ဆိုးမကြီးက-

'ဒါ အပ်လေ၊ အဲဒီအပ်နှင့် အထည်ချုပ်ရတယ်၊ လက် တစ်ဖက်က အပ်ကိုကိုင်၊ တခြားလက်တစ်ဖက်က အထည်ကို ကိုင်ပြီး ဟောဒီလို ချုပ်ရတယ်'ဟု ချုပ်ပုံချုပ်နည်းကို ပြသ၍ အပ်ကို မင်းသမီးကလေး၏ လက်ထဲသို့ ထည့်လိုက်သည်။

မင်းသမီးကလေးရို့ဘတ်လည်း အပ်ဖြင့် အဝတ်စကို စတင် ချုပ်လေတော့သည်။ မကြာမီ မင်းသမီးကလေး၏လက်ကို အပ် စူးသွားလေသည်။

မင်းသမီးကလေးက-

'အိုး...သမီးလက်ကို အပ်စူးသွားပြီ၊ ဒီမှာကြည့်ပါအဘွား' ဟု မျက်နှာကိုရှုံ့မဲ့ကာ ဆိုလေသည်။

မင်းသမီးကလေး၏ စကားကိုကြားသော် နတ်ဆိုးမကြီး မာလစ်သည် တဟားဟား ရယ်မောနေလေသည်။ မင်းသမီးက လေးသည် နတ်ဆိုးမကြီးကို မော့ကြည့်လိုက်ရာ နတ်ဆိုးမကြီး နှင့် အိမ်ကြီးမှာ ပျောက်ကွယ်သွားပြီဖြစ်သည်။ အိမ်ကလေး၏ နေရာတွင် လယ်ကွင်းပြင်ကြီးကိုသာ တွေ့ရလေတော့သည်။

မင်းသမီးကလေးရို့ဘတ်သည် အပ်စူးသည့် ဒဏ်ရာကို ကြည့်လိုက်ရာ အလွန်အိပ်ချင်လာလေသည်။

mgyoe.com